# သိကောင်းစရာ အချက်အလက်များ စာစောင်

## မိသားစုအတွင်း အကြမ်းဖက်ခြင်း - ရဲတပ်ဖွဲ့၏ ဆောင်ရွက်ပုံ

မြန်မာ / Burmese

VICTORIA POLICE

### အကြမ်းဖက်မှုမှ ကင်းဝေးခြင်းသည် လူ့အခွင့်အရေးဖြစ်သည်။

လူတိုင်းလူတိုင်းသည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ကြောက်လန့်နေရခြင်း တို့မှ ကင်းဝေးခြင်းဟူသော ရပိုင်ခွင့်ရှိကြသည်။ လူတိုင်းက သူတို့၏ မိသားစုအတွင်းနှင့် ဆက်ဆံရေးများတွင် ဘေးရန်ကင်းစွာနေလိုပြီး လေးစားမှုကိုလည်း ခံယူလိုကြသည်။ မိသားစုအတွင်း အကြမ်းဖက်မှု ဖြစ်ရပ်များရှိနေပြီး ထိုဖြစ်ရပ်များကို လူမှုအဖွဲ့အစည်း အားလုံးနှင့် ယဉ်ကျေးမှု အားလုံးက လက်မခံကြပါ။ ဩစတြေးလျားနိုင်ငံတွင် မိသားစုအတွင်း အကြမ်းဖက်မှုသည် တရားဥပဒေနှင့် ဆန့်ကျင်သည်။ ဗစ်တိုးရီးယား ပြည်နယ် ရဲတပ်ဖွဲ့သည် လိုအပ်သူများကို ကူညီရန်နှင့် တရားဥပဒေကို ထိန်းသိမ်းရန် အသင့်ရှိနေပါသည်။

### မိသားစုအတွင်း အကြမ်းဖက်မှုဆိုသည်မှာအဘယ်နည်း။ တရားဥပဒေက မည်သို့ ဆိုထားသနည်း။

*၂၀၀၈ ခုနှစ် ဗစ်တိုးရီးယားပြည်နယ် မိသားစုအတွင်း အကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာ အက်ဥပဒေ* (Victorian *Family Violence Protection Act 2008*) က မိသားစုအတွင်း အကြမ်းဖက်မှုကို လက်ပွန်းတတီးနေထိုင်သော ကြင်ဖော်၊ ယခင်က ကြင်ဖော်ကြင်ဖက်၊ သို့မဟုတ် မိသားစုအတွင်းမှ အခြားသူများအပေါ် ထိတ်လန့် ကြောက်ရွံ့စေခြင်းနှင့် ဩဇာလွှမ်းမိုးမှု ဖန်တီးသော မိသားစုဝင်တစ်ဦးဦး၏ အပြုအမူဟု အဓိပ္ပါယ်ဖွင့်သည်။ ထိုအပြုအမူများတွင် အောက်ပါအချက်များ ပါဝင်နိုင်သည် -

- ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်း (ဥပမာ၊ ထိုးခြင်း၊ တွန်းခြင်း၊ အသက်ရှုမရအောင်ပြုခြင်း၊ ကြမ်းတမ်းစွာ ဆက်ဆံခြင်း သို့မဟုတ် စောင့်ရှောက်ရမည့်နေရာတွင် ပေါ့လျော့စွာ ပြုမူခြင်း)
- လိင်ဆက်ဆံမှုဆိုင်ရာ အကြမ်းဖက်ခြင်း (ဥပမာ၊ လိင်ဆက်ဆံရန် အတင်းအဓမ္မပြုလုပ်ခိုင်းခြင်း)
- ငွေကြေးဆိုင်ရာ မတရားပြုမူခြင်း (ဥပမာ၊ လိုအပ်သော ငွေ၊ အစားအစာ၊ ဆေးဝါးသို့မဟုတ် အိမ်အပျက်အစီးပြုပြင်စရိတ် မပေးဘဲ ထိန်းချုပ်ထားခြင်း၊ ရှိးရာဓလေ့အရ လက်ထပ်ရန် တင်သွင်းသောငွေကို မပေးဘဲထားခြင်း )
- စိတ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် နှုတ်ဖြင့် နှိပ်စက်ခြင်း (ဥပမာ၊ ခြိမ်းခြောက်ခြင်းအဖန်တလဲလဲ ချိုးဖဲ့ပြောဆိုခြင်း၊ မဟုတ်သောနာမည်များ ခေါ်ဝေါ်သမုတ်ခြင်း၊ လိင်ပိုင်း၊ လူမျိုးခွဲခြားမှု၊ အသက်အရွယ်ကြီးသူကို ပိုင်းပယ်မှု၊ မသန်စွမ်းမှု သို့မဟုတ် လိင်တူချစ်သူများ ဆိုင်ရာ ဆဲရေးတိုင်းထွာခြင်း)
- ကလေးငယ်ကို ရက်စက်ကြမ်းကြုတ်သည့်အပြုအမူများအား ကြားအောင်၊မြင်အောင်၊ သို့မဟုတ် သတိပြုမိအောင် ပြုမူခြင်း (ဥပမာ၊ ခိုက်ရန်ဖြစ်ပွားသည်ကို ကြားစေခြင်း၊ ဒဏ်ရာများ သို့မဟုတ် အပျက်အစီးများကို မြင်စေခြင်း) တို့ဖြစ်သည်။

ကလေးများသည် မိသားစုအတွင်း အကြမ်းဖက်မှုကြောင့် မကောင်းသော အကျိုးသက်ရောက်မှု ရှိသည့်အတွက် တရားဥပဒေအရ ကာကွယ်စောင့်ရှောက်နိုင်ပါသည်။

### မိသားစုဆိုသည်မှာ အဘယ်နည်း။

တရားဥပဒေက မိသားစုဆိုသည်ကို အောက်ပါအချက်များ ပါဝင်ရန် ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ပါသည် -

- လက်ပွန်းတတီးနေထိုင်သော ကြင်ဖော်များ (ခင်ပွန်း၊ ဇနီး၊ မိန်းကလေးဖော်သူငယ်ချင်း၊ ယောကျာ်းလေးဖော် သူငယ်ချင်း၊ လက်မထပ်ဘဲ ပေါင်းသင်း နေထိုင်သူ၊ လိင်တူ ကြင်ဖော်များ နှင့်
- ကြင်ဖော်ဟောင်းများ
- ကလေးများ၊ ညီအစ်ကို မောင်နှမများ၊ အရွယ်ရောက်ပြီးသော သားသမီးများသို့မဟုတ်
- အဖိုးအဖွား၊ ယောက္ခမများ၊ ဦးလေး၊ အဒေါ်၊ ပေါင်းသင်းနေထိုင်သူအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ မိသားစုဝင်ဖြစ်လာသူ
- မိသားစုဝင်တစ်ဦးအလားဖြစ်သော ပြုစုစောင့်ရှောက်သူတို့ပါဝင်သည်။

အကယ်၍ သင်က တစ်စုံတစ်ဦးကို သင့်မိသားစုဝင်အဖြစ် သဘောထားပြီး ထိုသူ၏ အပြုအမူများက သင် သို့မဟုတ် သင့်မိသားစုဝင် အခြားသူများအား ကြောက်ရွံ့ ထိတ်လန့်ခြင်း ဖြစ်စေလျှင် အကြံဉာဏ်နှင့် အကူအညီ ရယူပါ။

အကယ်၍ သင်က သင့်ကြင်ဖော် သို့မဟုတ် မိသားစုကို ထိခိုက်နစ်နာစေလျှင် အကူအညီ ရယူပါ။ ဤစာစောင်၏ ကျောဘက်စာမျက်နှာတွင် အချို့သောဝန်ဆောင်မှုများ ပါရှိပါသည်။

### ရဲတပ်ဖွဲ့က မည်သို့ အကူအညီပေးနိုင်သနည်း။

ဗစ်တိုးရီးယားပြည်နယ် ရဲတပ်ဖွဲ့သည် မိသားစုအတွင်း အကြမ်းဖက်မှုကြောင့် ထိခိုက် နစ်နာရသူများအား အကာအကွယ်ပေးရန်နှင့် ထိုသို့ ကြင်ဖော်နှင့်မဟုတ် မိသားစုကို သို့/ မဟုတ် အအပြုအမူများ ထပ်မံ နောက်ထပ် ရက်စက်ကြမ်းကြုတ်သော လုပ်ဆောင်မှုများ သို ရမဖြစ်ပွားအောင် အရေးယူ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရဲတပ်ဖွဲ့က မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုဒဏ် ခံနေရသူထံမှဖြစ်စေ၊ စိတ်ပူပန်သော မိတ်ဆွေများထံမှဖြစ်စေ၊ မိသားစု၊ သို့မဟုတ် အိမ်နီးချင်းများ သို့မဟုတ် ဝန်ဆောင်မှုများထံမှဖြစ်စေ၊ တိုင်တန်းမှုများ လက်ခံရရှိနိုင်ပါသည်။ ရဲတပ်ဖွဲ့သည် အခြားတာဝန်ဝတ္တရားများ ထမ်းဆောင်နေစဉ်မှာဖြစ်စေ၊ သို့မဟုတ် သုညသုံးလုံး 000 ကို ဖုန်းဆက်ခြင်းကြောင့်ဖြစ်စေ မိသားစုအတွင်း အကြမ်းဖက်မှုကိုလည်း သိရှိနိုင်ပါသည်။

ရဲတပ်ဖွဲ့က မိသားစုအတွင်း အကြမ်းဖက်မှုဖြစ်ရပ်ကို ကူညီသည့်အခါ သူတို့က ထိုအိမ်တွင် မည်သူနေထိုင်ကြောင်း သို့မဟုတ် လာနေကြောင်းကို မေးပါလိမ့်မည်။ သူတို့က လူအားလုံး ဘေးအန္တရာယ်ကင်းစွာ ရှိမရှိ စစ်ဆေးပါမည်။ ရဲတပ်ဖွဲ့က လူတိုင်းကို သီးသန့် တစ်ဦးခြင်း မေးမြန်းပါမည်။ သူတို့သည် ကလေးများကိုလည်း မေးကောင်း မေးနိုင်ပါသည်။ သူတို့က လက်ရှိဖြစ်ရပ်များနှင့် ယခင်က ဖြစ်ပွားခဲ့သည်များကို မေးမြန်းပါလိမ့်မည်။

သူတို့သည် အကြမ်းဖက်မှုကြောင့် တစ်စုံတစ်ဦး ဆေးကုသမှု လိုအပ်၊ မလိုအပ်စစ်ဆေးပြီး ပျက်စီးမှု တစ်စုံတစ်ရာရှိပါက မှတ်တမ်းတင်လိမ့်မည်။ ရဲတပ်ဖွဲ့က လူတစ်ဦးခြင်းစီအတွက် တွေ့ရှိချက်များ ရေးသားပါလိမ့်မည်။

တစ်စုံတစ်ဦးသည် ဘေးကင်းလုံခြုံမှု သို့မဟုတ် ရဲတပ်ဖွဲ့၏ တုန့်ပြန်ဆောင်ရွက်မှုနှင့် သက်ဆိုင်ပြီး မိမိတို့ လိုလားစွာပြောပြလိုသော မသန်မစွမ်းမှုဆိုင်ရာ၊ သို့မဟုတ် ဆေးကုသမှု ဆိုင်ရာ သို့မဟုတ် အခြားလိုအပ်ချက်များ ရှိမရှိ ရဲတပ်ဖွဲ့က မေးမြန်းကောင်း မေးမြန်းနိုင်ပါသည်။

ရဲတပ်ဖွဲ့က ကလေးများအပါအဝင် တစ်စုံတစ်ဦးသည် အက်ဘောရစ်ဂျင်နယ် မျိုးနွယ်ဖြစ်မဖြစ် မေးမြန်းရန် တာဝန်ရှိပါသည်။ အက်ဘော်ရစ်ဂျင်နယ်လူမျိုးများသည် အများသူငါ အသုံးပြုသော ဝန်ဆောင်မှုများ သို့မဟုတ် အက်ဘော်ရစ်ဂျင်နယ် ဝန်ဆောင်မှုများမှ မိမိတို့နှစ်သက်ရာ ဝန်ဆောင်မှုကို ရွေးချယ်နိုင်ပါသည်။

ရဲတပ်ဖွဲ့က ဘေးအန္တရာယ်ရှိနိုင်ခြေကို ယခင်က မိသားစုအတွင်း အကြမ်းဖက်မှုနှင့် ရာဇဝတ်မှု ဆိုင်ရာနောက်ကြောင်းတို့ကို ထည့်သွင်းစဉ်းစားကာ စိစစ်အကဲဖြတ်ခြင်း ပြုလိမ့်မည်။ သူတို့က မည်သူသည် အများဆုံး ထိခိုက်နစ်နာခဲ့ကြောင်း (ထိခိုက်နစ်နာသူ သို့မဟုတ် ထိခိုက်နစ်နာသော မိသားစုဝင်) နှင့် မည်သူက အများကို ထိခိုက်နစ်နာအောင်ပြုမူသော အဓိကလူ (အဓိက ရန်ပြုနှိပ်စက်သူ သို့မဟုတ် 'အခြားအဖွဲ့') ဖြစ်ကြောင်းကို စစ်ဆေး ဖော်ထုတ်မည်။ အခြေအနေများပေါ် မူတည်ပြီး ရဲတပ်ဖွဲ့က ဆောင်ရွက်နိုင်သော နည်းလမ်း အမျိုးမျိုး ရှိပါသည်။

---

[စကားပြန် ဝန်ဆောင်မှုများ](https://www.tisnational.gov.au)
၂၄ နာရီ
**131 450**
https://www.tisnational.gov.au

**တဆင့်ဆက်သွယ်ပေးသော ဝန်ဆောင်မှု** (၂၄ နာရီ)
နားမကြားသူများ သို့မဟုတ် အကြားအာရုံ သို့မဟုတ် စကားပြောရာတွင် ချို့ယွင်းချက်ရှိသူများအတွက်
www.relayservice.gov.au
ပြောပြီး နားထောင်ရန် **1300 555 727**

အရေးပေါ်ကိစ္စ ကြုံခဲ့လျှင်
**သုညသုံးလုံး (000)**
ကိုဖုန်းဆက်ပါ။

**ဘေးအန္တရာယ်ကင်းရှင်းမှုသည် ဦးစားပေးအဆင့် အမြင့်ဆုံး ဖြစ်ပါသည်။** အကယ်၍ ရာဇဝတ်မှုတစ်ခုခု ဖြစ်ပွားပါက ရဲတပ်ဖွဲ့သည် စုံစမ်းစစ်ဆေးပြီး အမှုဖွင့် တရားစွဲဆိုနိုင်ပါသည်။ သို့သော် မိသားစုအတွင်း အကြမ်းဖက်မှု အမျိုးအစား အားလုံးသည် ရာဇဝတ်မှု မဟုတ်ကြပါ။ တရားမကြောင်းအရ (ရာဇဝတ်မှုမဟုတ်သည်ကို ဆိုလိုသည်) ရဲတပ်ဖွဲ့က ဆောင်ရွက်နိုင်သည်များမှာ -

- အခင်းဖြစ်ပွားရာနေရာတွင် မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သောဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ (family violence safety notice) ထုတ်ပေးခြင်း နှင့်/သို့မဟုတ်
- တရားရုံးတွင် မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကြားဖြတ်အမိန့် (family violence intervention order) ထုတ်ပြန်ပေးရန် လျှောက်ထားခြင်း၊ သို့မဟုတ်
- လက်ရှိ ထုတ်ပြန်ထားသော **ကြားဖြတ်အမိန့်**ကို ကာကွယ်စောင့်ရှောက်မှု ပိုမိုရရှိစေရန် ပြောင်းလဲပေးရန် လျှောက်ထားခြင်း တို့ဖြစ်ပါသည်။

## မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာကြားဖြတ်မိန့် ဆိုသည်မှာ အဘယ်နည်း။

**မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကြားဖြတ်အမိန့် (family violence intervention order)** ဆိုသည်မှာ မိသားစုအတွင်း အကြမ်းဖက်မှု ထပ်မံဖြစ်ပွားခြင်းမှ အကာအကွယ်ပေးရန် ရည်ရွယ်ပြီး တရားရုံးက တရားဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်ဖြစ်ပါသည်။

**မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သော ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ (family violence safety notice)** သည် ပြည်သူများကို ရုံးချိန်းရက်အထိ ကာကွယ်စောင့်ရှောက်မှုပေးရန် ရည်ရွယ်ပြီး ရဲတပ်ဖွဲ့က ထုတ်ပြန်သော အချိန်ကာလတိုကဲ့သို့ **ကြားဖြတ်အမိန့်**မျိုး ဖြစ်သည်။

ဤအမိန့်နှစ်မျိုးစလုံးသည် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများကို အသုံးပြုသည်။ မည်သည့်ကလေးမဆို အပါအဝင် ကာကွယ်စောင့်ရှောက်ခံရသူကို **'ကာကွယ်စောင့်ရှောက်ခံ ပုဂ္ဂိုလ်'** ***'protected person'*** ဟုခေါ်သည်။ အကြမ်းဖက်မှု အသုံးပြုခဲ့သူကို **'တရားပြိုင်'** ***'respondent'*** သို့မဟုတ် **'အခြားအဖွဲ့'** ***'other party'*** ဟုခေါ်သည်။

**ကားဖြတ်အမိန့်** သို့မဟုတ် **ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ**တွင် ကာကွယ်စောင့်ရှောက်မှု လိုအပ်နေသူနှင့် မည်သည့်ကလေးကိုမဆိုတို့၏ အနီးဝန်းကျင်တွင် ဘေးအန္တရာယ် ကင်းရှင်းသော နယ်ပယ် ဖန်တီးပေးသည့် **တားမြစ်နေရာ သတ်မှတ်သော စည်းကမ်းချက် (exclusion condition)** ပါကောင်း ပါနိုင်သည်။ စည်းကမ်းချက်က မိသားစုအတွင်း အကြမ်းဖက်မှုအသုံးပြုခဲ့သောသူကို ထိုသူများအနီး သို့မဟုတ် သူတို့ သွားလာရာနေရာ အနီးသို့လာရောက်ခြင်းမှ တားမြစ်သည်။ ဤတားမြစ်ချက်က မိသားစုအတွင်း အကြမ်းဖက်မှု အသုံးပြုခဲ့သောသူက အခြားနေရာ တစ်ခုခုတွင် သွား၍နေထိုင်ရန် လိုအပ်သည်ဟု ဆိုလိုနိုင်ပါသည်။

ဤ **တားမြစ်နေရာ သတ်မှတ်သော စည်းကမ်းချက် (exclusion condition)** သည် တရားရုံးမှ ဆုံးဖြတ်ချက်ချသည်အထိ သို့မဟုတ် **မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကြားဖြတ်အမိန့် (family violence intervention order)** အသစ်ကို တရားပြိုင်ထံ တရားဝင်အကြောင်းကြားပြီးသည့်အထိ သြဇာသက်ရောက်သည်။

တရားရုံးနေ့တွင် တရားသူကြီးက ကာကွယ်စောင့်ရှောက်မှု မပြတ်ပေးနိုင်မည့် လိုအပ်ချက်များကို စဉ်းစားမည်။ တရားသူကြီးက **တားမြစ်နေရာ သတ်မှတ်သော စည်းကမ်းချက် (exclusion condition)** ဆက်လက်ထားရှိရန် လိုအပ်၊မလိုအပ် ဆိုသည်ကို ဆုံးဖြတ်မည်။

**ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ** သို့မဟုတ် **ကြားဖြတ်အမိန့်** တစ်ခုတည်းဖြင့် ရာဇဝတ်မှု မှတ်တမ်း မဝင်ပါ။

## စည်းကမ်းချက်များကို မလိုက်နာပါက မည်သို့ဖြစ်မည်နည်း။

**တရားပြိုင် (respondent)** ဆိုသည်မှာ အကြောင်းကြားစာ သို့မဟုတ် ကြားဖြတ်အမိန့်ကို မဖြစ်မနေ လိုက်နာရမည့်သူ ဖြစ်သည်။ အကယ်၍ **တရားပြိုင် (respondent)** သည် အမိန့်ကို အပြည့်အဝ လိုက်နာပြီး အခြား မည်သည့် ရာဇဝတ်မှုမျိုးကိုမျှ မကျူးလွန်ပါက သူသည် ရာဇဝတ်မှု မှတ်တမ်း မဝင်ပါ။

**တရားပြိုင် (respondent)** သည် မိသားစုအတွင်း မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို မကျူးလွန်ရပါ။

ဆိုလိုသည်မှာ -

- ကိုယ်ထိလက်ရောက်ဖြစ်စေ သို့မဟုတ် ကာမနှင့်ပတ်သက်လျှင်ဖြစ်စေ အကြမ်းဖက်မှု မကျူးလွန်ရ
- မည်သူ့ကိုမဆို ထိခိုက်နာကျင်စေမည်ဟု မခြိမ်းခြောက်ရ၊
- နှုတ်ဖြင့်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ၊ ဆဲရေးတိုင်းထွာခြင်း မပြုရ
- ညစ်ညမ်းသော သို့မဟုတ် ခြိမ်းခြောက်သော ပုံများ မပို့ရ
- နောက်ယောင်ခံလိုက်ခြင်း မပြုရ
- ငွေကြေးနှင့်ပတ်သက်သော မတရားမှု မပြုလုပ်ရ
- ပစ္စည်းဥစ္စာ ဖျက်ဆီးခြင်းမပြုရ ဟူ၍ဖြစ်ပါသည်။

**တားမြစ်နေရာ သတ်မှတ်သော စည်းကမ်းချက် (exclusion condition) ဆိုသည်မှာတရားပြိုင် (respondent) သည် -**

- ကာကွယ်စောင့်ရှောက်မှုပေးထားသောသူများအနီး သို့မဟုတ် သူတို့ နေထိုင်ရာ သို့မဟုတ် အလုပ်လုပ်ရာ သို့မဟုတ် ကျောင်း သို့မဟုတ် ကလေးထိန်းဌာနသို့ သွားးစဉ် အနီးအနားသို့ မသွားရ။
- မည်သည့်နည်းဖြင့်မဆို ကာကွယ်စောင့်ရှောက်မှုပေးထားသောသူများကို အခြားသူများဖြင့် ထိခိုက်နာကျင်စေခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ နောက်ယောင်ခံလိုက်ခြင်း၊ သို့မဟုတ် ဆဲရေးတိုင်းထွာခြင်း မပြုလုပ်ရ။ ဟူ၍ဖြစ်ပါသည်။

ထို့အပြင် တယ်လီဖုန်းဆက်ခြင်း၊ တယ်လီဖုန်းဖြင့် စာရေးသားဆက်သွယ်ခြင်း၊ အီးမေးလ် သို့မဟုတ် လူမှုရေး မီဒီယာကို အသုံးပြုပြီး ဆက်သွယ်ခြင်းကို ကန့်သတ်သော စည်းကမ်းသတ်မှတ်ချက်များလည်း ရှိကောင်းရှိနိုင်ပါသည်။

စည်းကမ်းသတ်မှတ်ချက် တစ်စုံတစ်ရာအပေါ် နာခံမှုမရှိခြင်းကို ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ သို့မဟုတ် ကြားဖြတ်အမိန့် အား **ဖောက်ဖျက်ခြင်း** သို့မဟုတ် **ဆန့်ကျင်ကျူးလွန်ခြင်း** ဟုခေါ်သည်။

အကယ်၍ **တရားပြိုင်**သည် တရားရုံးအမိန့်တွင်ပါဝင်သော စည်းကမ်းချက်များထဲမှ တစ်ခုခုကို မလိုက်နာလျှင် ထို့အပြင် ရဲတပ်ဖွဲ့ကလည်း စုံစမ်းသိရှိရလျှင် ရဲတပ်ဖွဲ့က **တရားပြိုင်**ကို ဖမ်းဆီးပြီး ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်း၊ ရာဇဝတ်မှုကျူးလွန်သော မှတ်တမ်းဝင်ခြင်းနှင့် ဥပမာအားဖြင့် ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်းကဲ့သို့သော ပြစ်ဒဏ်များ ဖြစ်လာနိုင်ပါသည်။

**ကာကွယ်စောင့်ရှောက်ပေးထားခံရသူ**သည် **တရားပြိုင်**အား အကြောင်းကြားစာ သို့မဟုတ် အမိန့်ကို လိုက်နာခြင်းမပြုရန် ခွင့်မပေးနိုင်ပါ။ တရားစွဲဆိုမှု ပြုလုပ်မည်၊ မပြုလုပ် ဆိုသည်ကို **ကာကွယ်စောင့်ရှောက်ပေးထားခံရသူ**က မဆုံးဖြတ်ရဘဲ ရဲတပ်ဖွဲ့ကသာ ဆုံးဖြတ်ရသည်။

အကယ်၍ သင်သည် တရားရုံးအမိန့် သို့မဟုတ် အမိန့်၏အစိတ်အပိုင်းတစ်ခုခုကို နားမလည်ပါက ရဲတပ်ဖွဲ့ သို့မဟုတ် ဥပဒေရေးရာ ဝန်ဆောင်မှုတစ်ခုခုကို မေးမြန်းပါ။

သင်၏ ပြောဆိုဆက်သွယ်မှုဆိုင်ရာ လိုအပ်ချက်များအား ရဲကို ကျေးဇူးပြု၍ ပြောပြပါ။ အကယ်၍သင့်အနေနှင့် အင်္ဂလိပ်စကား ပြောဆိုရန် သို့မဟုတ် နားလည်ရန် ခက်ခဲနေလျှင် ရဲက စကားပြန်ကို ရှာဖွေပေးနိုင်သည်။ အကယ်၍သင်နှင့် လိင်တူ သို့မဟုတ် သင်၏ ဒေသသုံး ဘာသာစကားတူ စကားပြန်အား လိုအပ်လျှင် ရဲကို တင်ပြပါ။

### အရေးပေါ်ကိစ္စ ကြုံခဲ့လျှင် သုညသုံးလုံး (000) ကိုဖုန်းဆက်ပါ။

## သင် အဘယ့်ကြောင့် တရားရုံး သွားရမည်နည်း။

သင့် **မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သော ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ (family violence safety notice)** သို့မဟုတ် **မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကြားဖြတ်အမိန့် (family violence intervention order)** တွင တရားရုံးတက်ရမည့်နေ့ ပါပါလိမ့်မည်။ သင့်အနေနှင့် တရားရုံးတွင် ရှိနေရမည်ဖြစ်သည်။ သင တရားရုံးတွင် တနေကုန်ရှိနေနိုင်ရန် ကြိုတင် စီစဉ်ထားသင့်သည်။

တရားရုံးမတိုင်မီ သင့်အခြေအနေနှင့် လိုအပ်ချက်များအကြောင်း ပြည့်ပြည့်စုံစုံ ဆွေးနွေးထားနိုင်ရန် ကူညီပံ့ပိုးရေးဝန်ဆောင်မှုများကို ဆက်သွယ်ထားသင့်သည်။ သင ဆက်သွယ်ပြောဆိုရန် အခက်အခဲရှိကြောင်း ရဲတပ်ဖွဲ့ သို့မဟုတ် တရားရုံးကို ပြောထားပါက စကားပြန်များ လူကိုယ်တိုင် တရားရုံးနေ့တွင်လာရောက်ကူညီရန် စီစဉ်ချိန်းဆိုထားနိုင်ပါသည်။

တရားရုံးနေ့တွင် **တရားပြိုင် (respondent)** သည် **ကာကွယ်စောင့်ရှောက်ခံ ပုဂ္ဂိုလ်များ** အဝေးတွင်နေရန် တာဝန်ရှိသည်။ **တရားပြိုင်များနှင့် ကာကွယ်စောင့်ရှောက်ခံ ပုဂ္ဂိုလ်များ**အတွက် ထိုင်နိုင်သောနေရာများ ရှိတတ်ပါသည်။ တရားရုံးတွင် အများပြည်သူ ဘေးကင်းလုံခြုံမှု ရှိစေရန်အတွက် လုံခြုံရေးအရာရှိများ ရှိနေပါသည်။

တရားရုံးတွင် သင့် ရပိုင်ခွင့် အခွင့်အရေးများ၊ ရွေးချယ်နိုင်သော နည်းလမ်းများနှင့် တရားရုံး လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းပြပေးနိုင်သော တရားဥပဒေဆိုင်ရာ အခမဲ့ ဝန်ဆောင်မှုများနှင့် ကူညီပံ့ပိုးမှု ဝန်ဆောင်မှုများ ရှိကြပါသည်။

သင် တရားရုံးရောက်သောအခါ ဧည့်ကြိုနေရာရှိ တရားရုံးဝန်ထမ်းအား သင် ရောက်ရှိကြောင်း နှင့် သင ရှေ့နေ သို့မဟုတ် အခြားဝန်ဆောင်မှုများ လိုအပ်၊မလိုအပ်ကို ပြောပြပါ။

ဗစ်တိုးရီးယားပြည်နယ် ရဲတပ်ဖွဲ့က **မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကြားဖြတ်အမိန့် (family violence intervention order)** ထုတ်ပြန်ပေးရန် တရားရုံးကိုတင်ပြထားပါက **တရားရုံးတွင် အဖွဲ့အားလုံးကို ညှိနှိုင်းဆက်သွယ်ပေးသည့် မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သော တရားရုံးဆိုင်ရာ ရဲတပ်ဖွဲ့ ဆက်သွယ်ရေးအရာရှိ (Police Family Violence Liaison Officer)** ရှိ၊မရှိ မေးပါ။

သင့်အား ကြားနာစစ်ဆေးရန် သင့်အမည်ကိုခေါ်သည်ကို နားစွင့်နေပါ။ တရားခွင် အခန်းထဲတွင် သင့် တရားဥပဒေရေးရာ ကိုယ်စားပြုသူ၏နောက်တွင် ထိုင်ပါ။ တရားသူကြီးက နှစ်ဖက်လုံးမှ တရားဥပဒေရေးရာ ကိုယ်စားပြုသူများတင်ပြသည်ကို ကြားနာပြီး သင့်ကိုလည်း ဖြစ်ပွားပုံများကို တိုက်ရိုက် မေးမြန်းကောင်း မေးမြန်းနိုင်ပါသည်။

တရားသူကြီးက ကာကွယ်စောင့်ရှောက်မှုပေးရန်နှင့် နောက်နောင် အကြမ်းဖက်မှုဆိုင်ရာ အပြုအမူများကို တားဆီးနိုင်ရန်အလို့ငှာ **မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကြားဖြတ်အမိန့် (family violence intervention order)** ထုတ်ပြန်ရန် လိုအပ်၊မလိုအပ်ကို ဆုံးဖြတ်ပါလိမ့်မည်။ တရားသူကြီးက တားမြစ်နေရာသတ်မှတ်သည့် စည်းကမ်းချက်ကဲ့သို့သော မည်သည့်စည်းကမ်းချက်များ လိုအပ်ခြင်း ရှိ၊ မရှိနှင့် ကြား**ဖြတ်အမိန့်**ကို မည်မျှကြာကြာထားရှိရမည်ကတို့ စဉ်းစားလိမ့်မည်။ တရားသူကြီး၏ဆုံးဖြတ်ချက်သည် **ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ**ကို အစားထိုးခြင်း သို့မဟုတ် လက်ရှိ **ကြားဖြတ်အမိန့်**ကို ပြောင်းလဲခြင်း ဖြစ်စေလိမ့်မည်။

ကားနာစစ်ဆေးပြီးသည့်အခါ တရားရုံးထဲတွင် **ကြားဖြတ်အမိန့်**အသစ်ကို ယူရန် လိုအပ်၊မလိုအပ် စောင့်နေပါ။ ထို**ကြားဖြတ်အမိန့်**အသစ်က သင် နှင့် သင့်မိသားစုအပေါ် မည်သည့် အကျိုးသက်ရောက်မှုရှိကြောင်းနှင့် ပတ်သက်ပြီး မေးမြန်းလိုသည်များရှိပါက တရားရုံးဝန်ထမ်းကို မေးပါ။

### သင့်မှာ နောက်ထပ် မေးလိုသည်များ ရှိသေးသလား။

အကယ်၍ သင့်အမိန့်နှင့်ပတ်သက်ပြီး မေးမြန်းလိုသည်များရှိပါက သင့်နယ်မြေရဲတပ်ဖွဲ့ သို့မဟုတ် တရားဥပဒေရေးရာ ဝန်ဆောင်မှုကိုမေးပါ။
ရဲတပ်ဖွဲ့က သင့်အား ဖုန်းပေါ်တွင် စာဖြင့်ဆက်သွယ်ခြင်း သို့မဟုတ် သင့်ကိုဖုန်းဆက်ခြင်းပြုမည့် ကူညီပံ့ပိုးရေးဆိုင်ရာ ဝန်ဆောင်မှုကို ရည်ညွှန်းပေးပါလိမ့်မည်၊
သို့မဟုတ် သင်ကိုယ်တိုင် ထိုဝန်ဆောင်မှုများကို ဖုန်းဆက်နိုင်ပါသည်။

**အရေးပေါ်ကိစ္စ ကြုံခဲ့လျှင် သုညသုံးလုံး (000) ကိုဖုန်းဆက်ပါ။**

## ပိုမိုသိရန် အချက်များ၊ ကူညီပံ့ပိုးမှုနှင့် အကူအညီ

**တရားသူကြီးများ တရားရုံး (Magistrates' Courts)** မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆုံးဖြတ်သည့် ပြည်နယ် တရားရုံးများ
www.magistratescourt.vic.gov.au

**ဗစ်က်တိုးရီးယားပြည်နယ် ဥပဒေဆိုင်ရာ ကူညီရေးအဖွဲ့အစည်း (Victoria Legal Aid) 1300 792 387** (တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈.၄၅ နာရီမှ –ညနေ ၅.၁၅ နာရီအထိ) ဥပဒေရေးရာ အကြံဉာဏ်ကို ဘာသာစကားပေါင်းစုံနှင့် အခမဲ့ရနိုင်သည် www.legalaid.vic.gov.au

**အမျိုးသမီးများအတွက် ဗစ်က်တိုးရီးယားပြည်နယ် ဥပဒေရေးရာ ဝန်ဆောင်မှု အဖွဲ့အစည်း (Women's Legal Service Victoria) 8622 0600** (မြို့တော်နယ်မြေအတွင်း) **1800 133 302** (မြို့တော်ပြင်ပ) အင်္ဂါနေ့ နှင့် ကြာသပတေးနေ့ ညနေ ၅း၃၀ မှ ၇း၃၀ နာရီအထိ www.womenslegal.org.au

**ပြစ်မှု ကျူးလွန်ခံကြရသူများအား ကူညီရေး ဖုန်းလိုင်း (Victims of Crime Helpline)** (နံနက် ၈ နာရီမှ –ည ၁၁ နာရီအထိ) (၇ ရက်လုံး) **1800 819 817**
www.victimsofcrime.vic.gov.au

**1800 Respect** (၂၄ နာရီ) မိသားစုအတွင်း အကြမ်းဖက်မှုဒဏ် ခံရသူများအတွက် တယ်လီဖုန်းဖြင့် ဆွေးနွေးအကြံပေးခြင်း **1800 737 732**
www.1800respect.org.au

**ဗလက္ကာရ အရေးပေါ် အကျပ်အတည်းဆိုင်ရာ ဖုန်းလိုင်း (Sexual Assault Crisis Line (SACL)) 1800 806 292** ဗလက္ကာရပြုကျင့်ခံရသူများအတွက် (၂၄ နာရီလုံး) ထောက်ပံ့ရေး ဝန်ဆောင်မှု အဖွဲ့အစည်းများ www.sacl.com.au

**အိမ်ရာ (Housing)** (၂၄ နာရီ) အရေးပေါ်အခြေအနေအတွက် နေရာထိုင်ခင်း ရည်ညွှန်းပေးသည့် ပြည်နယ်တစ်ခုလုံးဆိုင်ရာ ဝန်ဆောင်မှု **1800 825 955**
www.housing.vic.gov.au/crisis-and-emergency-contacts

**Salvation Army အကျပ်အတည်းဆိုင်ရာ ဝန်ဆောင်မှု အဖွဲ့အစည်း (Salvation Army Crisis Service)** (၂၄ နာရီ) မြို့တော်နယ်မြေအတွင်း အရေးပေါ်အခြေအနေအတွက် နေရာထိုင်ခင်း **1800 627 727**
www.salvationarmy.org.au/en/Find-Us/Victoria/CrisisServices

**Safe Steps** မိသားစုအတွင်း အကြမ်းဖက်မှုအား တုံ့ပြန်ရေးဌာန **(Family Violence Response Centre)** (၂၄ နာရီလုံး) **1800 015 188** အမျိုးသမီးများအတွက် အထောက်အပံ့ နှင့် လွှဲအပ်ရည်ညွှန်းပေးသော ဝန်ဆောင်မှု အဖွဲ့အစည်း www.safesteps.org.au

**အမျိုးသားများအတွက် လွှဲအပ်ရည်ညွှန်းပေးခြင်းဆိုင်ရာ ဝန်ဆောင်မှု အဖွဲ့အစည်း (Men's Referral Service)** (နံနက် ၉ နာရီမှ ည ၉ နာရီ တနင်္လာနေ့မှ သောကြာနေ့အထိ) အမျိုးသားများအတွက် အထောက်အပံ့ နှင့် လွှဲအပ်ရည်ညွှန်းပေးသော ဝန်ဆောင်မှု အဖွဲ့အစည်း **1300 766 491** www.ntvmrs.org.au

**MensLine Australia** (၂၄ နာရီလုံး) **1300 789 978** အမျိုးသားများအား တယ်လီဖုန်းနှင့် ပံ့ပိုးပေးသည် www.mensline.org.au

VICTORIA POLICE

## ပညာရပ်ပိုင်းဆိုင်ရာ အသုံးအနှုန်း & အဓိပ္ပါယ်ဖွင့်

**တရားမကြောင်းအရ ဆောင်ရွက်ခြင်း (မိသားစုအတွင်း အကြမ်းဖက်မှုအတွက်)**
ပြည်သူတို့၏ ရပိုင်ခွင့် အခွင့်အရေးများအတွက် ရာဇဝတ်ကြောင်းမဟုတ်သော တရားဥပဒေအရ ဆောင်ရွက်ခြင်း (ဥပမာ၊ **ကြားဖြတ်အမိန့်** လျှောက်ထားခြင်း)။

**မိသားစုအတွင်း အကြမ်းဖက်မှု**
လက်ပွန်းတတီးနေထိုင်သော ကြင်ဖော်၊ ယခင်က ကြင်ဖော်ကြင်ဖက်၊ ကလေးများ၊ သို့မဟုတ် မိသားစုတွင်းမှ အခြားသူများကို ထိခိုက်နာကျင်စေခြင်း၊ ကြောက်ရွံ့စေခြင်း၊ ဩဇာလွှမ်းမိုးမှု ဖန်တီးသော မိသားစုဝင်တစ်ဦး၏ အပြုအမူ ဖြစ်သည်။

ထိုအပြုအမူထဲတွင် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ လိင်ဆက်ဆံမှုဆိုင်ရာ အကြမ်းဖက်ခြင်း၊ ခံစားမှုပိုင်း၊ စိတ်ပိုင်း သို့မဟုတ် ငွေကြေးပိုင်းဆိုင်ရာ မတရားပြုလုပ်ခြင်းတို့ ပါဝင်သည်။

**တရားပြိုင် သို့မဟုတ် အခြားအဖွဲ့**
မိသားစုအတွင်း အကြမ်းဖက်မှုကို ရပ်တန့်ရန် အကြောင်းကြားစာ သို့မဟုတ် အမိန့်ကို တရားဥပဒေအရ တရားဝင် အသိပေးထားခြင်းခံနေရသူ ဖြစ်သည်။

**ကာကွယ်စောင့်ရှောက်ခံ ပုဂ္ဂိုလ်  ထိခိုက်နစ်နာသော မိသားစုဝင် /နှိပ်စက်ခံရသူ /(AFM)**
ကားဖြတ်အမိန့် သို့မဟုတ် ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာဖြင့် မိသားစုအတွင်း အကြမ်းဖက်မှုဘေးရန်မှ ကာကွယ် စောင့်ရှောက်ထားခံရသူ ဖြစ်သည်။

ကလေးများသည် ကာကွယ်စောင့်ရှောက်ခံ ပုဂ္ဂိုလ် ဖြစ်နိုင်သည်။

ကာကွယ်ပေးခံထားရသည့် မိဘ၏ **ကြားဖြတ်အမိန့်** သို့မဟုတ် **ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ**တွင် အသက် ၁၈ နှစ်အရွယ်အောက်ရှိကြသော ကလေးများအား ထည့်သွင်းပေးနိုင်သည်။

**မိသားစုအတွင်း အကြမ်းဖက်မှုနှင့် ပတ်သက်သော ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ (FVSN)**
ရုံးချိန်းရက်အထိ မိသားစုအတွင်း အကြမ်းဖက်မှုကို တားဆီးရန် ရဲတပ်ဖွဲ့က တရားဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့် ဖြစ်သည်။

**မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကြားဖြတ်အမိန့် (FVIO)**
တရားရုံးက ထုတ်ပေးသော မိသားစုအတွင်း အကြမ်းဖက်မှုကို တားမြစ်သည့် အမိန့်စာ သို့မဟုတ် ညွှန်ကြားစာ။

**တားမြစ်နေရာသတ်မှတ်သော စည်းကမ်းချက်**
**ကာကွယ်ပေးခံထားရသူ**၏ အနီးအနား သို့မဟုတ် **ကြားဖြတ်အမိန့်**တွင် ဖော်ပြထားသောနေရာများ (ဥပမာ၊ **ကာကွယ်ပေးခံထားရသူ**၏ နေထိုင်ရာ၊ အလုပ်လုပ်ရာ၊ ကျောင်း သို့မဟုတ် ကလေးထိန်းဌာန) အနီးအနားသို့ **တရားပြိုင်**က မလာရန် တားမြစ်သော **ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ** သို့မဟုတ် **ကြားဖြတ်အမိန့်**တွင်ပါဝင်သည့် စည်းကမ်းသတ်မှတ်ချက်။

**တရားဝင် အကြောင်းကြား အသိပေးပြီးခြင်း**
**ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ** သို့မဟုတ် **ကြားဖြတ်အမိန့်**ကို တရားဥပဒေနှင့်အညီ တရားပြိုင်ထံ ပေးပြီးပါက ‘တရားဝင် အကြောင်းကြား အသိပေးပြီးခြင်း’ ဖြစ်သည်၊ မဖြစ်မနေ လိုက်နာရမည် ဖြစ်သည်။

**ဖောက်ဖျက်ကျူးလွန်ခြင်း (contravention) သို့မဟုတ် စည်းကမ်းချိုးဖောက်ခြင်း (breach)**
အကယ်၍ **တရားပြိုင်**သည် မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သော **ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းကြားစာ** သို့မဟုတ် **ကြားဖြတ်အမိန့်**ပါ စည်းကမ်းသတ်မှတ်ချက်ကို မလိုက်နာပါက ထိုအပြုအမူသည် ‘ဖောက်ဖျက်ကျူးလွန်ခြင်း’ သို့မဟုတ် ‘စည်းကမ်းချိုးဖောက်ခြင်း ’မည်သည်။ ဖောက်ဖျက်ကျူးလွန်ခြင်းကို ဆောလျင်စွာ ရဲတပ်ဖွဲ့ထံ သတင်းပို့ရမည်ဖြစ်ပြီး ရာဇဝတ်မှုဆိုင်ရာ တရားစွဲခြင်း ခံရနိုင်သည်။

ဖောက်ဖျက်ကျူးလွန်ခြင်းကို ဆောလျှင်စွာ ရဲတပ်ဖွဲ့ထံ သတင်းပို့ရမည်ဖြစ်ညပီး ရာဇဝတ်မှုဆိုင်ရာ တရားစွဲခြင်း ခံရနိုင်သည်။

**ဖမ်းဆီးအရေးယူခြင်း**
တစ်စုံတစ်ဦးသည် တရားဥပဒေကို ချိုးဖောက်သည်ဟု ရဲတပ်ဖွဲ့က ယုတ္တိရှိစွာ ယုံကြည်ရလျှင် ထိုသူကို ချုပ်နှောင်ထားခြင်း

**ရာဇဝတ်မှုဆိုင်ရာ စွဲချက်တင်ခြင်း**
ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးခြင်းက လူတစ်ယောက်သည် တရားဥပဒေကို ချိုးဖောက်သည်ဟု လုံလောက်သော သက်သေအထောက်အထား၊ သို့မဟုတ် အချက်အလက် ရှိခဲ့လျှင် ထိုသူ တရားရုံးသို့ လာရောက်ရန်အတွက် စွဲချက်တင်သည်။

## ရဲတပ်ဖွဲ့ တာဝန်ဝတ္တရားများ

**မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သော ဆက်သွယ်ရေးအရာရှိ (FVLO)**
၂၄ နာရီဖွင့်သော ရဲစခန်းတွင် တာဝန်ကျပြီး မိမိ၏ရဲစခန်းနယ်မြေမှ မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သော ကိစ္စရပ်များကို တာဝန်ယူရသောအရာရှိ။

**မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သော တရားရုံးဆိုင်ရာ ရဲတပ်ဖွဲ့ ဆက်သွယ်ရေးအရာရှိ (FVCLO)**
တရားရုံးကြီးတွင် ရဲတပ်ဖွဲ့က တင်ပြသော **မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ ကြားဖြတ်အမိန့်**များနှင့်ဆိုင်သည့် အဖွဲ့အားလုံးကို ညှိနှိုင်းပေးရသော ရဲအရာရှိ။

**စွဲချက်တင်သူ**
တရားစွဲဆိုသော ရဲအရာရှိ။

**စုံစမ်းစစ်ဆေးသူ**
မိသားစုအတွင်း အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာကို စုံစမ်းစစ်ဆေးနေသော ရဲအရာရှိ။

**တာဝန်ခံ အရာရှိ (OIC)**
ရဲစခန်းမှ တာဝန်ခံ သို့မဟုတ် ကြီးကြပ်သူ။

လူမှုအဖွဲ့အစည်းအတွင်း မျိုးမတူ ကွဲပြားခြားနားခြင်းကို အားပေးပံ့ပိုးရန်အတွက် မိမိတို့ဘဝကို မြှုပ်နှံပြီး အလုပ်လုပ်သော ရဲတပ်ဖွဲ့ ဆက်သွယ်ရေးအရာရှိများ ရှိကြပါသည်။ သင့်နယ်မြေရဲစခန်းမှာမေးပါ၊ သို့မဟုတ် www.police.vic.gov.au တွင်ကြည့်ပါ။

အကယ်၍သင်သည် ရဲတပ်ဖွဲ့၏ဆောင်ရွက်ပုံနှင့်ပတ်သက်ပြီး မကျေနပ်ပါက သင့်နယ်မြေရဲစခန်းမှ ကြီးကြပ်သူ သို့မဟုတ် တာဝန်ခံကို တွေ့ခွင့်တောင်းပါ။ သို့မဟုတ် ချီကျူးဂုဏ်ပြုခြင်းများနှင့် မကျေနပ်မှု ဖွင့်ဟချက်များ ‘compliments and complaints’ ကို www.police.vic.gov.au တွင် ကြည့်ပါ။

**အရေးပေါ်ကိစ္စ ကြုံခဲ့လျှင် သုညသုံးလုံး (000) ကိုဖုန်းဆက်ပါ။**